# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အို အခွင့်အရေးဆိုင်ရာကော်မတီနှင့် ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ တို့အား တွေ့ဆုံ

နေပြည်တော်- ဇူလိုင် ၂၀

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးခင်ရီသည် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၁၀ နာရီချိန်တွင် ပြည်သူ့လွှတ်တော် (C)ဆောင်၊ ဒုတိယထပ်ရှိ အစည်းအဝေးခန်းမ၌ လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အို အခွင့်အရေးဆိုင်ရာကော်မတီနှင့် ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီတို့မှ ကော်မတီဝင်များအား တွေ့ဆုံခဲ့သည်။

ဦးစွာ ကော်မတီများမှ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက တစ်ဦးချင်းမိတ်ဆက်၍ လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုအခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဒေါ်ဝင်းမော်ထွန်းနှင့် ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးထင်အောင်ရှိန် တို့က ကော်မတီဖွဲ့စည်းမှု၊ ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် ဆောင်ရွက်နေသည့်လုပ်ငန်းများ၊ ရှေ့ဆက်ဆောင်ရွက်ရမည့် အစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပါသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ် တစ်ဦးချင်းနှင့် ကော်မတီများအလိုက် လိုအပ်ချက်များနှင့်ပတ်သက်၍ အကောင်းဆုံး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ စွမ်းရည်မြင့်မားတိုးတက်စေရေးအတွက်လည်း ဟောပြောပွဲများနှင့် သင်တန်းများဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လွှတ်တော်

ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်ကပေးအပ်သောတာဝန်များကို အရည်အသွေးရှိရှိ ထမ်းဆောင်ကြစေလိုပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယနေ့တွေ့ဆုံသော လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အို အခွင့်အရေးဆိုင်ရာကော်မတီနှင့် ဟိုတယ်၊ ခရီးသွား လုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီများ၏ လုပ်ငန်းတာဝန်နှင့် ရည်မှန်းချက်တာဝန် များသည် ကျယ်ပြန့်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားစေ ရေးအတွက် အရေးကြီးပါကြောင်း၊ ကော်မတီများမှ လေ့လာစိစစ်ရသည့် ဥပဒေများနှင့် ပတ်သက်၍ အသစ်ပြဋ္ဌာန်းသင့်သည့်ဥပဒေများနှင့် ပြင်ဆင်ဖြည့်စွက်ရမည့်ဥပဒေများကိုလည်း ပြန်လည်လေ့လာသုံးသပ်ကြစေလိုကြောင်း၊ကလေးသူငယ်၊ လူငယ်ရေးရာနှင့်ပတ်သက်သည့် ပြဋ္ဌာန်းချက်များတွင် အသက်အရွယ်ပိုင်းဆိုင်ရာ သတ်မှတ်ချက်များ ကွဲလွဲမှုများရှိနေ၍ ဆွေးနွေးညှိနှိုင်းကြရန် လိုအပ်ပါကြောင်း၊ လူငယ်နှင့်ပညာရေး၊ လူငယ်နှင့်မူးယစ်ဆေး၊ လူငယ်နှင့် အားကစားရေးရာများကို အသေးစိတ်လေ့လာပြီး ကဏ္ဍတစ်ခုချင်းအလိုက် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သောဥပဒေပြုရေး လုပ်ငန်းစဉ်များကို လေ့လာ ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် နိုင်ငံအတွင်း လူသားအရင်းအမြစ် ဆုံးရှုံးမှုမရှိစေရေးနှင့် ကျန်းမာကြံ့ခိုင်ပြီး နိုင်ငံအတွက် အားကိုးအားထားပြုရမည့် အနာဂတ် ပညာတတ်လူငယ်များ ထွက်ပေါ်လာစေရေးအတွက် KG+9 အခမဲ့ပညာရေးစနစ် ဆောင်ရွက် ပေးခြင်းနှင့် ဉာဏ်ပညာထူးချွန်ပြီး ကျန်းမာသန်စွမ်းကာ အကျင့်စာရိတ္တ ကောင်းမွန်သည့် ထူးချွန်ထက်မြက်သော ကျောင်းသားလူငယ်များ ပေါ်ထွန်းလာစေရေးအတွက် လူရည်ချွန် စီမံကိန်းများဖြင့် ဖော်ဆောင်ပေးလျက်ရှိသည်မှာ ကောင်းမွန်သော လုပ်ရပ်များဖြစ်၍

ဥပဒေပိုင်းဆိုင်ရာအထောက်အကူပြုနိုင်ရေးစီမံပေးရမည် ဖြစ်ပါကြောင်း၊ မိမိတို့ လွှတ်တော်အနေဖြင့်လည်း ကျောင်းနေအရွယ် ကလေးသူငယ်တိုင်း ပညာသင်ကြားနိုင်ရေးနှင့် အကြောင်းအမျိုးမျိုးကြောင့် ပညာရေးနှင့် ကင်းကွာနေသူများအား ပညာဆက်လက်သင်ကြားခွင့်ရရှိရေးအတွက် ကျောင်းပြင်ပ ပညာရေးစနစ်တစ်ခုဖြစ်မြောက်ရေး လုပ်ငန်းစဉ်များကိုလည်း လွှတ်တော်ကိုယ်စားလှယ်များက မိမိမဲဆန္ဒနယ်မြေအလိုက် ဝိုင်းဝန်းကူညီအကောင်အထည်ဖော် ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ လူငယ်များ၏ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရေးအတွက်လည်း နည်းပညာ၊ အသက်မွေးပညာနှင့် လေ့ကျင့်ရေး (Technical and Vocational Education and Training- TVET) များ ဖွံ့ဖြိုးလာစေရန် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ရေး၊ ဥပဒေပြုရေး တို့ကို တိုးချဲ့ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ လူငယ်ရေးရာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ အားလုံးလွှမ်းခြုံနိုင်သော National Youth Development Law , Youth Volunteer Service Law များ ဖြစ်ပေါ်လာစေရေး လေ့လာသုံးသပ် ဆောင်ရွက် သွားကြစေလိုကြောင်း၊ မြန်မာနိုင်ငံ၏ ကိန်းဂဏန်းစစ်တမ်းများအရ အမျိုးသမီးဦးရေသည် ပိုမိုများပြားလျက်ရှိသည့်အတွက် ထိရောက်စွာအသုံးချနိုင်ရေး နိုင်ငံ့အင်အားစုတစ်ရပ်အနေဖြင့် ဆောင်ရွက်သွားရန်ကို ဥပဒေရှုထောင့်မှ ကူညီဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း၊ ထို့အတူ အမျိုးသမီးများအပေါ် အိမ်တွင်းအကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ၊ အွန်လိုင်းအသုံးပြု၍ အမျိုးသမီးများအား အကြမ်းဖက်ခြင်း၊ ကလေးသူငယ်များအား နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်သော အမျိုးသမီးများ၊ ကလေးသူငယ်များ အကာအကွယ်ပေးရေးဆိုင်ရာဥပဒေများ ရေးဆွဲပြဋ္ဌာန်းပေးနိုင်ရေးဆောင်ရွက်ရန်

လိုအပ်လျက် ရှိပါကြောင်း၊ ထို့အပြင် သက်ကြီးရွယ်အို ကာကွယ် စောင့်ရှောက်ရေးနှင့် ပတ်သက်ပြီး ဥပဒေများကို ဖြည့်စွက် ပြဋ္ဌာန်းဆောင်ရွက်နိုင်ရေး ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း။

ယနေ့တွေ့ဆုံသည့် ကော်မတီများသည် များပြားလှသည့် လုပ်ငန်းတာဝန်များရှိပြီး လွှတ်တော်ကဏ္ဍမြှင့်တင်ရေးအတွက် ကြိုးစားဆောင်ရွက်ကြစေလိုပါကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့်လည်း စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး တည်ဆဲဥပဒေများအပေါ် ပြန်လည်သုံးသပ်ခြင်း၊ လိုအပ်သည့်ဥပဒေသစ်များ ပြဋ္ဌာန်းပေးခြင်းဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ကောင်းမွန်သောအရွေ့တစ်ခုဖြစ်အောင် ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ကြစေလိုပါကြောင်းဖြင့် ပြောကြားသည်။ **(သတင်းစဉ်)**